ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၉၅)

နေ့စွဲ – ၁၉. ၂. ၂၀၁၂

## အသင်းတော်၏သန့်ရှင်းခြင်းအကြောင်း(The Holiness of the Church)

အသင်းတော်၏သန့်ရှင်းခြင်းအကြောင်းကို ကျွန်တော်တို့ ပြောဆိုကြသည့်အခါ၊ ၎င်း၏ ဂုဏ်လက္ခဏာများထဲမှ တခုကို ပြောနေကြခြင်းဖြစ်သည်။ အခြားသော ဂုဏ်လက္ခဏာများမှာ တခုတည်းဖြစ်ခြင်း(oneness)၊ ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်း(catholicity)၊ နှင့် တမန်တော်များ၏အသင်းတော်ဖြစ်ခြင်း(apostolicity)တို့ဖြစ်ပါသည်။

အသင်းတော်၏သန့်ရှင်းခြင်းဟုပြောကြသည့်အခါ၊ ၎င်း၏ခရစ်တော်နှင့်ညီညွတ်ခြင်းကြောင့် ရလာသော သန့်ရှင်းခြင်းကို ဆိုလိုပါသည်။ ခရစ်တော်၏ကိုယ်ခန္ဓာအဖြစ်နှင့်ရှိခြင်းဖြစ်သည်။ ထို့ကြောင့် အသင်းတော်၏သန့်ရှင်းခြင်းသည် ခရစ်တော်၏ကိုယ်ပိုင်သန့်ရှင်းခြင်းဖြစ်သည်၊ အသင်းတော်၏သန့်ရှင်းခြင်းသည် ခရစ်တော်၌သာရှိသည်။ အသင်းတော်တွင် ကိုယ်ပိုင် သန့်ရှင်းခြင်းဆိုသည်မျိုးမရှိပါ (၁ကော ၁း၂၊ ၃း၁၆၊၁၇၊ ၁ပေ ၂း၉)။

ဤသန့်ရှင်းခြင်းကို အသင်းတော်သည် အခြေခံသဘောအရပိုင်ဆိုင်သည်။ ဆိုလိုသည်မှာ ခရစ်တော်၏အသေခံပေးလျှက် ဝယ်ယူပေးထားသောအရာအဖြစ် အသင်းတော်တွင်ပါဝင်သော ရွေးကောက်ခြင်းခံရသူ အသင်းသူ/သားများအားလုံးကို ပိုင်ဆိုင်သည်။ ထိုသန့်ရှင်းခြင်းကို ခရစ်တော်၏ကိုယ်ခန္ဓာတွင် ပါဝင်သူတယောက်ဆီတိုင်းသို့ ပေးထားသည်၊ ခရစ်တော်က တဦးချင်းကို ယုံကြည်ခြင်းဖြင့် သူနှင့်ပေါင်းစည်းစေလျှက် ပေးထားသည်၊ ထိုအပြင် ထိုသူတို့ကို သန့်ရှင်းစေပါသည်။

အသင်းတော်၏သန့်ရှင်းခြင်းကို ပုံစံမျိုးစုံဖြင့် မြင်နိုင်သည်။ သန့်ရှင်းခြင်းဆိုသည်မှာ သီးသန့်ခွဲထားခြင်းဖြစ်သည်ဆိုသည့် အဓိပ္ပါယ်ကို သတိပြန်ရဖို့လိုပါမည်။ မျက်စိဖြင့်မြင်နေရသောအသင်းတော် ကမ္ဘာလောကကြီးမှနေ၍ သီးသန့်နေခြင်းဖြင့် အသင်းတော်၏သန့်ရှင်းခြင်းကို ကျွန်တော်တို့ မြင်နိုင်ပါသည်။ အသင်းတော်သည် ခြားနားသောဘုရင်ရှိသည့် သီးသန့်နိုင်ငံတော်ဖြစ်သည်။ မတူသောဥပဒေများ၊ ဓလေ့ထုံးစံများနှင့် မတူသောမျှော်လင့်ချက်တို့ ရှိနေပါသည် (၁ပေ ၂း၉)။

မှန်ပါသည်၊ သန့်ရှင်းခြင်းသည် ကမ္ဘာ့အလယ်တွင်ရှိနေသည့် အသင်းတော်၏နယ်နိမိတ်(boundary)ဖြစ်ပါသည်။ အသင်းတော်တွင် နိုင်ငံရေးနှင့်ဆိုင်သောနယ်နိမိတ်မရှိပါ၊ ထို့အတူ လူမျိုးရေးနှင့်ဆိုင်သောနယ်နိမိတ်လည်းမရှိပါ၊ ဘာသာစကားနှင့်ပတ်သက်သောနယ်နိမိတ်လည်း မရှိပါ။ သန့်ရှင်းခြင်းသည်သာ အသင်းတော်နှင့်ကမ္ဘာလောကကို ခြားနားလိုက်သော မျဉ်းဖြစ်ပါသည်။ ထို့ကြောင့် မသန့်ရှင်းသောသူတို့ကို မျက်စိဖြင့်မြင်ရသောအသင်းတော်မှ ထုတ်ပစ်ရပါမည်၊ ထိန်းသိမ်းရပါမည်။

ထို့အပြင် သန့်ရှင်းခြင်းသည် အသင်းတော် ပါဝင်ပတ်သက်သမျှနေရာများ၌ ဆန့်ကျင်မှုအမြဲတမ်းဖြစ်စေရသောအကြောင်းအရင်းတခုလည်းဖြစ်ပါသည်။ အသင်းတော်သည် အမြဲတမ်း မသန့်ရှင်းသည်များကို ဆန့်ကျင်သည်။ ပထမအနေနှင့် ၎င်း၏အသင်းသူ/သားများတွင်ဖြစ်သည်။ အသင်းတော်က မိမိအတွင်း၌ရှိသော ဟန်ဆောင်သူများ၊ ခေတ်ဆန်စွာနေချင်သူများကို ရှုတ်ချပါသည်။ ထို့နောက် အပြစ်၏ကျိန်ခြင်းခံကမ္ဘာကြီး၏ဆိုးယုတ်မှုများအားလုံးကို ရှုတ်ချပါသည်။

အကယ်၍ အသင်းတော်နှင့် ၎င်း၏အသင်းသူ/သားများက သန့်ရှင်းဖို့ရန် ကြိုးပမ်းနေကြသည်မှန်လျှင်၊ အသင်းတော်နှင့် ကမ္ဘာကြီးအကြား ရန်ပွဲပဋိပက္ခသည် အမြဲတမ်းဖြစ်ပေါ်လာပါမည်(ယော ၁၅း၁၈–၂၀)။ အသင်းတော်တွင် သူ၏ကိုယ်ပိုင်သန့်ရှင်းခြင်းမရှိပါ။ ၎င်း၏သန့်ရှင်းခြင်းသည် ဘုရားသခင်ကိုယ်တိုင်၏သန့်ရှင်းခြင်း အသင်းတော်မှတောက်ပနေခြင်းဖြစ်သည် (၁ပေ ၁း၁၅–၁၆)။ ထိုအရာကို ဘုရားမသိသူများက မုန်းခြင်းဖြစ်သည်၊ ဆန့်ကျင်ဖက်ပြုခြင်းဖြစ်ပါသည် (ယော ၃း၁၉၊ ရောမ ၈း၇)။

ထိုဘုရားသခင်၏သန့်ရှင်းခြင်းသည် အသင်းသူ/သားများ၏သန့်ရှင်းခြင်းဖြင့် အသင်းတော်ထဲတွင် တောက်ပနေပါသည်။ ကျေးဇူးတော်အားဖြင့် သူတို့ထံ ဘုရားသခင်၏သန့်ရှင်းခြင်းကို ပေးထားသဖြင့် "သူတော်စင်"များဖြစ်ကြသည်၊ ဘုရားသခင်သည် သန့်ရှင်းသကဲ့သို့ သူတို့လည်း သန့်ရှင်းကြဖို့ ခေါ်ထားခြင်းဖြစ်သည်။ အသင်းသူ/သားတို့၏ ဆိုးယုတ်ခြင်းမှနေ၍၎င်း၊ ဆိုးယုတ်သူများထံမှနေ၍၎င်း သီးသန့်နေထိုင်ခြင်းဖြင့် သန့်ရှင်းခြင်းသည် သက်သေအဖြစ် ပေါ်ထွက်လာပါသည် (၂ကော ၆း၁၄–၇း၁)။

ထိုသို့ပြော၍ ယုံကြည်သူတို့တွင် အပြစ်မရှိတော့ပါဟု ပြောခြင်းမဟုတ်၊ ထို့အတူ မြင်ရသောအသင်းတော်တွင် အပြစ်မရှိတော့ပါဟု ပြောခြင်းလည်းမဟုတ်ပါ။ အမှန်ပြောရလျှင် အသင်းတော်ထဲတွင် အသွေးအသားနှင့်ဆိုင်သည်များ အမြောက်အများကျန်ပါသေးသည်။ အသင်းသူ/သားများထံတွင်လည်း အပြစ်များစွာကျန်ပါသေးသည်။ ထို့အတွက် ကျွန်တော်တို့ ဝမ်းနည်းရပါ သည် (ဆာလံ ၅၁း၃၊ ၁၁၉း၅၃၊ ၁၃၆)။ သို့သော် ထို့အတွက်ကြောင့်ပင် အသင်းတော်၏သန့်ရှင်းခြင်းသည် ယုံကြည်ခြင်းကိစ္စဖြစ်နေရခြင်းဖြစ်သည်၊ မြင်နေခြင်းဖြင့်ဆုံးဖြတ်ရသည့်ကိစ္စမဟုတ်ရခြင်းဖြစ်သည်။ အသင်းတော်သည် ဤကမ္ဘာထဲတွင်ရှိနေပါသေးသော်လည်း၊ ၎င်းသည် သန့်ရှင်းသည်ဟု ကျွန်တော်တို့ ယုံကြည်ကြသည်။

မြင်ရသည့်အရာများဖြင့်သာ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချလျှင် အသင်းတော်အတွက် အတော်စိတ်ပျက်ရပါမည်။အဘယ့်ကြောင့်ဆိုသော် အသင်းသူ/သားများထံတွင် များစွာသောအပြစ်များကိုသာ တွေ့ရမည်ဖြစ်သောကြောင့်ပင်။ အသင်းတော်သည် သန့်ရှင်းသူ/သူတော်စင်များ၏မိတ်သဟာယဖွဲ့ရာဟု ယုံကြည်လျှင်၊ ထိုအသင်းတော်ကို ခရစ်တော်ထံ ကျက်သရေရှိသောအသင်း

တော်၊ အစွန်းအကွက်မဲ့၊ (သို့) တွန့်လိမ်ခြင်းမဲ့၊ (သို့)ထိုသောသောအားနည်းချက်များမရှိဘဲလျှက် အပ်နှံတော်မူမည်ဆိုသည့်အချက်သည် အလွန်သေချာလာမည်ဖြစ်သည် (ဧဖက် ၅း၂၇)။

ထို့ကြောင့် အသင်းသူ/သားများအဖြစ် ဆုတောင်းခြင်း၌၎င်း၊ လက်တွေ့အသက်ရှင်ခြင်း၌၎င်း သန့်ရှင်းခြင်းနောက်သို့ လိုက်သူများ ဖြစ်ကြပါမည်။ သန့်ရှင်းခြင်းမရှိလျှင် မည်သူမျှ ဘုရားသခင်ကို မတွေ့နိုင်ပါ (ဟေဗြဲ ၁၂း၁၄)။

## အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်းအကြောင်း(The Catholicity of the Church)

တမန်တော်များ၏ယုံကြည်ချက်က အသင်းတော်ကို "သန့်ရှင်းသောကက်သလစ်အသင်းတော်"ဟု ရည်ညွှန်းသည့်အခါ၊ ရိုမန်ကက်သလစ်အသင်းတော်ကိုပြောနေခြင်းမဟုတ်ပါ။ ရိုမန်ကက်သလစ်အသင်းတော်က သူသည် သန့်ရှင်းသောကက်သလစ်အသင်းတော်ဖြစ်သည်ဟု ကြေညာနေသော်လည်း၊ တကယ်တမ်းပြောရလျှင်၊ မသန့်ရှင်းသလို၊ ကမ္ဘာလုံးဆိုင်ရာလည်း မဟုတ်ပါ။ ထို့အပြင် ခရစ်တော်၏အသင်းတော်ပင်မဟုတ်ပါ၊ မှားယွင်းသောအသင်းတော်အပျက်တခုသာ ဖြစ်ပါသည်။

"ကက်သလစ်"ဆိုသောစကားလုံးက ကမ္ဘာလုံးဆိုင်ရာဟု အဓိပ္ပါယ်ရပါသည်။ ခရစ်တော်၏စစ်မှန်သောအသင်းတော်ကို ဖေါ်ပြရာ သင့်တော်သောစကားတလုံးဖြစ်ပါသည်။ ထို့ကြောင့် ထိုစကားလုံးကို ရိုမန်ကက်သလစ်အသင်းတော်ကြောင့် မသုံးဘဲလွှင့်ပစ်ခြင်းမလုပ်သင့်ပါ။

အသင်းတော်သည် ကမ္ဘာလုံးဆိုင်ရာဖြစ်ကြောင်း ကျမ်းစာကပြောပြနေပါသည်။ ဗျာဒိတ်ကျမ်းက ထိုကမ္ဘာလုံးဆိုင်ရာအသင်းတော်အကြောင်းကို အခန်းကြီး(၇) အငယ် (၉)တွင်ဖေါ်ပြပါသည်။ ထိုနေရာတွင် မည်သူမျှမရေတွက်နိုင်လောက်အောင် များလွန်းသောလူအုပ်ကြီးကို တွေ့ရသည်။ နိုင်ငံပေါင်းစုံ၊ အုပ်စုပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ ပါဝင်သည်။ ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင် ရပ်နေကြသည်။

အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ်သည်ဆိုခြင်းမှာ ဘုရားသခင့်အစိုးရတော်မူသောကျေးဇူးတော်တန်ခိုးဖြင့် ကမ္ဘာ့နိုင်ငံများမှ လူမျိုးစုံကို အသင်းတော်သို့ စုသိမ်းခြင်းသာမကပါ၊ ဘုရားသခင်သည် သူ၏အသင်းတော်ကို ခေတ်အဆက်ဆက်တော်လျှောက် စုသိမ်းတော်မူသည်ဆိုခြင်းလည်းဖြစ်ပါသည်။ ထို့ကြောင့် အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်းက ကျွန်တော်တို့သည် အေဗြာဟမ်၊ အိုင်ဇက်၊ ယာကုပ်တို့နှင့်အတူ ဘုရားသခင်၏နိုင်ငံတော်တွင် အတူတူနေကြရဦးမည်ဆိုသည့်အာမခံကို ပေးနေပါသည် (မဿဲ ၈း၁၁)။ ထိုအမှန်တရားက ဗျာဒိတ်ကျမ်း ၆း၁၁ တွင်ဖေါ်ပြထားသောအာဇာနည်များသည် သူတို့၏ယုံကြည်သူညီအကိုမောင်နှမများဖြစ်ကြသည်ဟု တွေ့မြင်ခွင့်ပေးပါသည်။

နောက်ဆုံးအနေနှင့် အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်းဆိုသည့်အမှန်တရားက ပြောနေသည်မှာ၊ အသင်းတော်တွင် လူအမျိုးအစားစုံလင်စွာပါသည်ဆိုခြင်းဖြစ်သည်။ ချမ်းသာသူ၊ ဆင်းရဲသူ၊ ကြီးမြင့်သူ၊ သေးငယ်သူ၊ ငယ်သူ၊ ကြီးသူ၊ သခင်၊ ကျွန်၊ ယောကျ်ား၊ မိန်းမ အားလုံးစုံလင်စွာပါပါသည်။ အသင်းတော်၌ အားလုံးအတွက်အခန်းများရှိပါသည်။

ထိုအချက်ကို ၁တိ ၂း၁–၂ က လူအားလုံးအတွက်ဆုတောင်းပါဟုပြောလျှင် သင်ပေးပါသည်။ အားလုံးဆိုသော စကားလုံးက လူသားတယောက်မကျန်ဟုမဆိုလိုပါ။ ထိုသို့ဆိုခြင်းက ဖြစ်လည်းမဖြစ်နိုင်ပါ၊ လူမျိုးစုံအတွက်တောင်းပါဟုပြောလိုခြင်းဖြစ်သည်၊ နောက်ပိုင်းကျမ်းပိုဒ်များက "အုပ်ချုပ်သူလူတန်းစားအတွက်"ဟုပြောပါသည်။ လူမျိုးစုံအတွက် ဆုတောင်းရပါမည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က လူမျိုးစုံကို ကယ်တင်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ခရစ်တော်သည် လူမျိုးစုံအတွက်အသေခံတော်မူပါသည်။

ယာကုပ်ဩဝါဒစာတွင်လည်း ထိုသို့သောရှုထောင့်ကိုတွေ့နိုင်ပါသည်၊ အသင်းသူ/သားအချို့တို့က ချမ်းသာသူများကိုသာမျက်နှာသာပေး၍ ဆင်းရဲသူများကိုနှိမ်သည့်အခါ ထိုသို့ပြုခြင်းမကောင်းပါဟုဆုံးမပါသည် (၂း၁–၉)။ ယနေ့ချိန်တွင်လည်းကျွန်တော်တို့သည် အခြားသောခရစ်ယာန်ကို သူ၏အပြင်ဖက်ပုံပန်းသဏ္ဍာန်ကြောင့် အထင်သေးကြသည့်အခါ ထိုအမှားကို ဆက်လုပ်နေကြခြင်းဖြစ်သည်။

သေချာစွာအနက်ဖွင့်လျှင်၊ ဂလာတိ ၃း၂၈ ကလည်း အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်းကို ပြောနေပါသည်။ "ယေရှုခရစ်၌ ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏" ဤကျမ်းပိုဒ်က ယောကျ်ားဖြစ်သူသည် ဇနီးသည်၏ ဦးခေါင်းဖြစ်ကြောင်းကို ငြင်းပယ်နေခြင်းမဟုတ်ပါ၊ ခရစ်ယာန်တို့ကို ဘုရားသ ခင်က မတူသောလက်ဆောင်များအရည်အချင်းများ ပေးထားသည်ကို ငြင်းပယ်ခြင်းလည်းမဟုတ်ပါ။ ဆိုလိုသည်မှာ အားလုံးသော ယောကျ်ား၊ မိန်းမ၊ ဂျူး၊ ဂျူးမဟုတ်သူ၊ ကျွန်၊ လူလွတ် တို့သည် ခရစ်ယာန်ဖြစ်ကြခြင်းကြောင့် အဆင့်တူကြသည်၊ အားလုံး ယေရှုခ ရစ်တော်၌ပါဝင်ကြသောကြောင့်ဖြစ်သည်။ ယုံကြည်သူအားလုံး အေဗြာဟမ်၏ဝိညာဉ်ရေးရာသားသမီးများဖြစ်ကြပါသည်။

ထို့ကြောင့် ဘာသာစကားတခုသည် အခြားဘာသာစကားတခုထက် ခရစ်ယာန်ယုံကြည်ခြင်းကို ပို၍ကောင်းအောင်ထုတ်ဖေါ်နိုင်သည်၊ (သို့) လူတမျိုးက အခြားတမျိုးထက် ပို၍ကောင်းသောခရစ်ယာန်ဖြစ်နိုင်သည် ဆိုသောအိုင်ဒီယာမျိုးသည် အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ် ခြင်းအမှန်တရားကို ငြင်းဆန်ခြင်းသာဖြစ်ပါသည်။ ထိုသို့သောသူများသည် ဒစ်စပင်ဆေးရှင်းဝါဒ၊ ဗြိတိအစ္စရေဒဝါဒတို့ဖြစ်သည်။ သူတို့က နိုင်ငံတခု (သို့) လူမျိုးတခုသည် ဘုရားသခင်၏နိုင်ငံတော်ကို အထူးပြုဖေါ်ပြသူများဖြစ်နိုင်သည်ဟု မှားယွင်းစွာသင်ကြပါသည်။ (ကျွန်တော်တို့တိုင်းပြည်တွင်လည်း နှစ်ခြင်းနှင့်ဧဝံဂေလိအဖွဲ့အများစုက ဂျူး အစ္စရေးမှအစ္စရေးဟု သင်နေကြခြင်းသည် အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်းအမှန်တရားကို ငြင်းပယ်ကြသူများဖြစ်သည်)

ထို့ကြောင့် ခရစ်တော်၏အသင်းတော်တွင် မျက်နှာသာပေးခြင်းများကို ရှောင်ကြပါသည်၊ တယူသန်ခြင်းများကို ရှောင်ကြပါမည်။ တစုံတဦး၏ အရေပြားအရောင်ကြောင့်၊ ပြောသည့်စကားကြောင့်၊ နိုင်ငံသားဖြစ်ခြင်းကြောင့်၊ ဓလေ့ထုံးစံကြောင့် ငြင်းပယ်ခြင်းမျိုးကို မလုပ်ဘဲနေကြပါမည်။ ထိုအရာများကြောင့် မည်သည့်ခြားနားမှုကိုမှ မဖြစ်စေပါ။

အသင်းတော်၏ကမ္ဘာလုံးဆိုင်ရာဖြစ်ခြင်းအမှန်တရားကိုယုံကြည်လျှက် "ဘုရားသခင်သည် သူ့ကိုခေါ်သောသူများထံတွင် ကြွယ်ဝတော်မူပါသည်"ဟု ဝန်ခံကြပါမည် (ရောမ ၁၀း၁၂–၁၃)

## တမန်တော်များ၏အသင်းတော်ဖြစ်ခြင်းအကြောင်း(Apostolic Church)

တမန်တော်များ၏ယုံကြည်ချက်က တမန်တော်များ၏အသင်းတော်ဖြစ်ခြင်းအကြောင်းကို မဖော်ပြသော်လည်း အခြားခံယူ ယုံကြည်ချက်များက ဖော်ပြပါရှိပါသည်။ ဥပမာ နိုင်စင်းယုံကြည်ချက်(Nicene Creed အေဒီ ၃၀၀ ခန့်)ကဖြစ်ပါသည်။ "ကျွန်ုပ်သည် သန့်ရှင်းသောကမ္ဘာလုံးဆိုင်ရာ တမန်တော်များ၏အသင်းတော်ကိုယုံကြည်ပါသည်" ဟုဖော်ပြပါသည်။ ဘာကိုဆိုလိုပါသနည်း?

ရိုမန်ကက်သလစ်အသင်းတော်က တမန်တော်များ၏အသင်းတော်ဆိုသည်မှာ မိမိကိုပြောခြင်းဟု ကြေညာပါသည်၊ မိမိ၏ ပုပ်ရဟန်းမင်းကြီးများသည် တမန်တော်များကိုဆက်ခံသူများဖြစ်ကြသည်၊ ဆက်တိုက်မပြတ်တမ်းခံယူလာကြသည်ဟု ပြောနေပါသည်။ သို့သော် အမှားများသာဖြစ်ပါသည်။

အချို့သောပရိုတက်စတင့်အသင်းတော်များက သူတို့သည် တမန်တော်များ၏အသင်းတော်ဖြစ်ကြသည် အဘယ့်ကြောင့်ဆိုသော် တမန်များ၏လုပ်ကိုင်ပုံနှင့်ဩဝါဒများကို ပြန်လည် ကျင့်သုံးကြသောကြောင့်ဖြစ်သည်ဟုပြောလာကြပြန်ပါသည်။ ဖြစ်နိုင်ကောင်းသော်လည်း နိုင်စင်းယုံကြည်ချက်က ဆိုလိုသောအချက်သည် ထိုသို့မဟုတ်ပါ။

နိုင်စင်းခံယူယုံကြည်ချက်နှင့်ရီဖော့မ်သီဩလော်ဂျီကရည်ညွှန်းသည်မှာ ဧဖက်ဩဝါဒစာ ၂း၂၀ ကိုဖြစ်ပါသည်။ ထိုကျမ်းပိုဒ်က အသင်းတော်သည် "တမန္ေတာ္တုိ႔မသစ္၍ ပေရာဖက္မ်ားတည္းဟူေသာ တုိက္ျမစ္အေပၚ၌ သင္တုိ႔သည္တည္ထြင္ျ၍၊ တည္ေဆာက္လ်[illegible]"ဟုပြောပါသည်။ ၎င်းနှင့်ထင်ရှားစွာဆက်နွယ်သောကျမ်းပိုဒ်သည် မဿဲ ၁၆း၁၈ ဖြစ်သည်၊ ထိုနေရာတွင် သခင်ယေရှုက "ငါမွဆုိ သည္ကား၊ သင္သည္ေပတ႐ု ျဖစ္၏။ ဤေက်ာက္ေပၚမွာ ငါ့အသင္းကုိငါတည္ေဆာက္မည္။ ထုိအသင္းကုိမရဏာ့စုိင္ရာ၏တံခါးတုိ႔သည္မႏုိင္ရ"ဟု ပြောခဲ့သည်။

ရိုမန်ကက်သလစ်အသင်းတော်က "ဤကျောက်ပေါ်မှာ"ဆိုသည့်စကားစုကို ပေတရုပေါ်တွင်ဟု မှားယွင်းစွာယူဆနေပါသည်။ ပုပ်ရဟန်းမင်းများသည် ပေတရုကိုဆက်ခံသူများဖြစ်ကြသည်ဟု မှားယွင်းစွာပြောနေပါသည်။ ပေတရုဆိုသောစကားလုံးသည် ဂရိဘာသာဖြင့် ကျောက်တုံးဟုပြော၍ရပါသည်။ သို့သော် ဤကျမ်းပိုဒ်တွင် ကျောက်တုံးဆိုသောစကား နှစ်မျိုးသုံးပါသည်။ ထို့ကြောင့် သခင်ယေရှုဆိုလိုချင်သည်မှာ မဿဲ ၁၆း၁၆ ၌ပေတရုဝန်ခံချက်ပြုထားခြင်းအပေါ်တွင် အသင်းတော်ကို တည်ထောင်မည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထိုရှုထောင့်မှနေ၍ ဧဖက် ၂း၂၀ ကိုကြည့်လျှင် အသင်းတော်ဆိုသည်မှာ တမန်တော်များ(နှင့်ပရောဖက်များ)၏သင်ကြားပေးချက်၊ ဩဝါဒများအပေါ် တည်ဆောက်ထားသည်၊ တနည်းအားဖြင့် ဘုရားသခင်မှုတ်သွင်းတော်မူသော ဓမ္မဟောင်းကျမ်း၊ ဓမ္မသစ်ကျမ်းတို့အပေါ်တွင် တည်ဆောက်သည်ဟုဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့သည် အသင်းတော်၏အခြေခံအုတ်မြစ်များဖြစ်ကြသည်။

တမန်တော်များ၏သင်ကြားချက်၊ ဩဝါဒများပေါ်တည်ဆောက်ခြင်းဖြင့်၊ အသင်းတော်သည် ခရစ်တော်အပေါ်တည်ဆောက်ခြင်းဖြစ်ပါသည်။ "ထုိတုိက္ေထာင့္အျမစ္ေက်ာက္ကား၊ ေယ႐ႈခရစ္ျဖစ္သတည္း။ ထုိေက်ာက္အားျဖင့္တ တုိက္လုံးသည္ ေစ့စပ္၍၊ႀကီးပြားျခင္းသုိ႔ ေရာက္၍ သခင္ဘုရားအဘုိ႔အလုိငွါ သန္႔ရွင္းေသာ ဗိမာန္ေတာ္ျဖစ္၏"ဟုဆက်ပြောသည်။ အသင်းတော်သည် ဗိမာန်တော်ဖြစ်သည်။

ထို့ကြောင့် အသင်းတော်၏သင်ပေးခြင်းအားလုံး၊ ဩဝါဒအားလုံးသည် ခရစ်တော်နှင့်ဆိုင်သည်။ သခင်ယေရှုက "ကျမ်းစာများကို ရှာဖွေကြ၊ ၎င်းတို့က ငါ့ကိုသက်သေခံနေကြသည်"ဟုပြောခဲ့ပါသည် (ယော ၅း၃၉)။ တမန်တော်များအားလုံးအစား ပေါလုက "အဘယ့်ကြောင့်ဆိုသော် ငါသည် သင်တို့ထံ ယေရှုခရစ်နှင့်လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းမှလွဲ၍ အခြားမည်မည့်အကြောင်းမျှ မသိစေရန် စိတ်ဆုံးဖြတ်ထား၍ဖြစ်သည်"ဟုပြောခဲ့ပါသည်(၁ကော ၂း၂)။

ထို့ကြောင့် တမန်တော်များ၏အသင်းတော်အစစ်အမှန်သည် ခရစ်တော်၏အသင်းတော်ဖြစ်ပါသည်။ ထိုသို့သောအခြေခံအုတ်မြစ်အပေါ် အသင်းတော်ကိုတည်ဆောက်သောအခါ၊ ငရဲ၏တံခါးများကပင် ၎င်းကိုမနိုင်နိုင်တော့ပါဆိုခြင်းသည် အံ့ဩစရာ မဟုတ်တော့ပါ(မဿဲ ၁၆း၁၆)။

ထိုသို့သော် စစ်မှန်သည့်တမန်တော်များ၏အသင်းတော် အလွန်ရှားပါးနေပြီဖြစ်သည်။ အများစုထံတွင် တမန်တော်များနှင့်ပရောဖက်များ၏သင်ပေးခြင်း၊ ဩဝါဒများ မကျန်တော့သလောက်ဖြစ်နေပါပြီ။ ထို့ကြောင့် သူတို့သည် ငရဲမှလာသောစွမ်းအင်များကို ခံနိုင်စွမ်းမရှိကြတော့ပါ။ ဘုရားသခင်သည် သူ၏အသင်းတော်ကိုကူညီပါစေ၊ ကယ်တင်ပါစေ၊ ထို့နောက် ခိုင်မာသောအခြေခံအုတ်မြစ်ပေါ်သို့ နောက်တခေါက်ပြန်ဆောက်ပါစေဟုဆုတောင်းပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++

## မျိုးစုံသောအသင်းတော်များကိုနားလည်ခြင်း

ကျွန်တော်တို့တိုင်းပြည်မှာ ခရစ်ယာန်အတော်နည်းပါတယ်။ ဒီလိုနည်းတဲ့ကြားထဲမှာ ခရစ်ယာန်အကြောင်းသိသူ ပိုနည်းပါတယ်။ ဒါ့အပြင် ခရစ်တော်ယာန်တွေကိုယ်တိုင်ကလည်း သိပ်မသိပြန်ပါဘူး။ နှစ်ပေါင်း(၅၀)လွတ်လွတ်လပ်လပ် ဘာမှမပြောရဲဘဲ နေခဲ့ရတော့ ဒီလိုဖြစ်သင့်ပါတယ်။ ဒါ့ကြောင့် ဒီတပတ်တော့ ခရစ်ယာန်အသင်းတော်တွေကို ဘယ်လိုခွဲခြားနားလည်ရင် ကောင်းမလဲဆိုတာ နည်းနည်းလောက်ရေးပါမယ်။ အသင်းတော်မျိုးစုံရှိပါတယ်။ ကမ္ဘာမှာလည်း ဒီလိုပါဘဲ။ ဒါဟာသဘာဝကျပါတယ်။ လူတောင်အရောင်မျိုးစုံ ဘုရားသခင်က ဖန်ဆင်းထားတော့ သူ့အသင်းတော်လည်း မျိုးစုံရှိရပါမယ်။ ဒါပေမဲ့ အားလုံးကတော့ မှန်တဲ့အသင်းတော်မဟုတ်ပါဘူး။

### ၁။ ရုပ်တုကိုးကွယ်သောအသင်းတော်များ (သို့) ကိန်းကြီးခန်းကြီးအဆောင်အယောင်များသောအသင်းတော်များ

ဒါကတော့ ဘာလဲဆိုတာ ကျွန်တော်ပြောစရာတောင်လိုမယ်မဟုတ်ပါဘူး။ ရိုမန်ကက်သလစ်အသင်းတော်ပေါ့။ အာရ်စီအမ်လို့အများကခေါ်ကြပါတယ်။ သူတို့ကိုတွေ့ရတာလွယ်ပါတယ်။ မြို့လယ်ခေါင်တွေမှာ၊ ဆူလစ်မွန်းချွန်ဘုရားကျောင်းအကြီးကြီးတွေဆောက်ကြတော့ လူမြင်လွယ်ပါတယ်။ သူတို့ရဲ့ခေါင်းဆောင်တွေကလည်း ဝတ်ရုံကြီးတွေခြုံတော့ တွေ့ရတာလွယ်ပါတယ်။

ပြီးတော့ သူတို့ရဲ့ဘုရားကျောင်းတွေဝင်သွားရင်လည်း ရုပ်တုတွေ ရုပ်ပုံတွေမျိုးစုံတွေ့ရမှာဖြစ်တယ်။ သူတို့ဟာ ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ်က မချချင်သူတွေဖြစ်တယ်။ ခရစ်တော်ဟာ ဒီနေ့အထိ သူတို့ရဲ့ဘုရားကျောင်းက လက်ဝါးကပ်တိုင်ပုံတွေမှာတွဲလောင်းချိတ်လို့နေပါတယ်။ ပြီးတော့ ယေရှုရဲ့အမေ မာရိကိုလည်း ဘုရားရဲ့အမေဆိုပြီးကိုးကွယ်ကြပြန်တယ်။ ဒီတော့ ရုပ်တုတမျိုးတိုးလာတာပေါ့။ ပြီးတော့ သေပြီးသားခရစ်ယာန်ကောင်းအတော်များများကို သူတော်စင်လို့ချီးမြှောက်ပြီးကိုးကွယ်ကြပြန်တယ်။ ရုပ်တုပိုတိုးလာတာပေါ့။ ဒါ့ကြောင့် မြန်မာပြည်အစိုးရကလည်း ခရစ်ယာန်ဆိုရင် သူတို့ကိုသွားခေါ်တော့တာဘဲ။ လူအများစုကလည်း ခရစ်ယာန်ဆိုရင် သူတို့ကိုပြေးမြင်တော့တာဘဲ။ ကမ္ဘာကလည်းဒီလိုဘဲမြင်ပါတယ်။ သူတို့ကတွေ့လို့လွယ်တာကိုး။

ဒီအသင်းတော်တွေက အီတလီနိုင်ငံ ရောမ်မြို့မှာ ကျောင်းထိုင်တဲ့ ပုတ်ရဟန်းမင်းကြီးကို အဓိကထားကြပါတယ်။ သူ့အောက်မှာ ဂိုဏ်းအုပ်ဂုဏ်ချုပ်တွေထားတာပေါ့။ ဗမာပြည်မှာအကြီးဆုံးကို ဘစ်ရှော့လို့ခေါ်မှာပေါ့။ ကျမ်းစာနဲ့မကိုညီပါဘူး။

ဒုတိယအုပ်စုကတော့ ကျွန်တော်တို့တိုင်းပြည်မှာ သိပ်မတွေ့ရတော့တဲ့ အင်္ဂလီကန်အသင်းတော်ဘဲဖြစ်တယ်။ မရှိတော့သလောက်ရှားသွားပါပြီ။ ဒီအသင်းတော်ကတော့ အင်္ဂလိပ်တိုင်းပြည်ရဲ့အရေးအကြီးဆုံးအသင်းတော်ဘဲ။ အံ့သြစရာကောင်းတာက ဒီအသင်းတော်ရဲ့ ဘုန်းတော်ကြီးအားလုံးလောက်နီးပါး၊ ဖရီးမေဆင်ဆိုတဲ့ လျှို့ဝှက်ဂိုဏ်ကြီးမှာ အဖွဲ့ဝင်တွေဖြစ်နေတာဘဲ။ အင်္ဂလိပ်ခေတ်တုန်းက ဒီအသင်းတော် ဗမာပြည်မှာ အတော်ကြီးခဲ့တယ်။ အခုတော့ မရှိတော့ဘူး။ ကျမ်းစာနဲ့မကိုက်ညီပါဘူး။

### ၂။ ခံယူချက်တိတိကျကျမရှိသောအသင်းတော်များ

ပထမအုပ်စုအကြီးဆုံးကတော့ နှစ်ခြင်းအသင်းတော်များဖြစ်တယ်။ အမေရိကန်သာသနာပြုဆရာ ဆရာယုဒသန်ရဲ့ သာသနာပြုခြင်းကနေ စတင်လာတာ ဒီနေ့ဆိုရင် နှစ်ပေါင်း ၃၀၀ ကျော်နေပြီဖြစ်တယ်။ မြန်မာပြည်မှာ အင်အားအကြီးဆုံးဘဲ။ ဒီအုပ်စုက နှစ်ခြင်းလို့ပြောပေမဲ့၊ ကမ္ဘာ့နှစ်ခြင်းအသင်းတော်တွေနဲ့မတူဘူး။ မြန်မာပြည်ရဲ့ အစိုးရပုံစံယူပြီး သူလည်း အဖွဲ့ချုပ်တွေ၊ စည်းမျည်းဥပဒေတွေနဲ့ဖြစ်တယ်။ ကမ္ဘာမှာကတော့ နှစ်ခြင်းဆိုရင် လွတ်လွတ်လပ်လပ် တသီးပုဂ္ဂလနေသူတွေဖြစ်တယ်။ သူတို့မှာ အဖွဲ့ချုပ်တွေ စည်းမျဉ်းတွေမထားဘူး။ ကိုယ်ကြိုက်သလို သီးသန့်နေကြတယ်။ ဗမာပြည်မှာတော့ ဒီလိုမတွေ့ရဘူး။

ဒီအသင်းတော်ဟာ ပြည်မမှာတင်မကဘူး၊ တောင်ပေါ်ဒေသ တိုင်းရင်းသားတွေကြားမှာလည်း အုပ်စု အကြီးဆုံးဘဲ။ ဒါပေမဲ့ ကျွန်တော်ပြောခဲ့သလို၊ တောင်ပေါ်ဒေသက အသင်းတော်တွေလည်း အဖွဲ့အစည်းတွေနဲ့ဘဲနေကြတယ်၊ ကမ္ဘာ့နှစ်ခြင်းအသင်းတော်များလို သီးသန့် ကိုယ့်ဘာသာနေတယ်ဆိုတာမတွေ့ရဘူး။

ဒုတိယ ခံယူချက်မရှိတဲ့အသင်းတော်တွေကတော့ ဧဝံဂေလိအဖွဲ့တွေဘဲဖြစ်တယ်။ သူတို့က အတော်များတယ်။ နာမည်လည်းများတယ်။ ပုံစံတွေလဲစုံနေတာဘဲ။ အများစုက နှစ်ခြင်းအသင်းတော်လိုဘဲ၊ ဗတ္တိဇံကို နှစ်ခြင်းနဲ့ဘဲပေးကြတယ်။ သူတို့က ခံယူယုံကြည်ချက်တွေမလိုဘူး၊ ကျမ်းစာဘဲလိုတယ်၊ ခရစ်တော်ဘဲလိုတယ်လို့ပြောပြီး၊ နေရာတကာသွားလာ တွေ့ကရာလူကို သခင်ယေရှုအကြောင်းပြောကြတယ်။ တခါတရံ သိပ်ပြီးပြင်းထန်တော့ ပတ်ဝန်းကျင်နဲ့သဟဇာတမဖြစ်ဘူးပေါ့။

ကျမ်းစာကို ဘုရားသခင်က သင်ရိုးညွှန်းတန်းစာအုပ်အနေနဲ့ပေးမထားပါဘူး။ ဘုရားသခင်ရဲ့ ဗျာဒိတ်ဖွင့်ပြချက်တွေကို စုစည်းပေးထားတာဖြစ်တယ်။ အဲဒီကနေ စနစ်တကျ သင်ကြားဖို့၊ ယုံကြည်ဖို့တွေကို ပြန်ထုတ်ရမှာဖြစ်တယ်။ ဘာနဲ့နှိုင်းရမလဲဆိုတော့ စပါးနဲ့နှိုင်းရမှာပေါ့၊ နွားကတော့ စပါးပင်ကို တိုက်ရိုက်စားတယ်၊ လူကတော့ စပါးကို ရိတ်တယ်၊ ချွေတယ်၊ လှေ့တယ်၊ ကြိတ်ခွဲတယ်၊ ပြီးတော့ချက်တယ်၊ ချက်တာတောင် ရေခမ်းလား၊ ရေငုံ့လား၊ ပေါင်းတာလား၊ ချက်တာလား ကွဲသေးတယ်။ ပြီးတော့မှ စားတာဖြစ်တယ်။ ဒါ့ကြောင့် လူဟာ စပါးဘဲလိုတယ်၊ ဆန်ဘဲလိုတယ်လို့ပြောရင် သိပ်မမှန်သေးဘူး၊ ဒါ့ကြောင့် ကျမ်းစာဘဲလိုတယ်၊ သြဝါဒတွေ ခံယူချက်တွေမလိုဘူးလို့ ပြောသူဟာ၊ နွား စပါးကိုတိုက်ရိုက်စားချင်တဲ့အဆင့်လောက်ဘဲရှိသူဖြစ်တယ်။

တတိယကတော့ မက်သဒစ်အသင်းတော်တွေဘဲ။ ဒီအသင်းတော်တွေကလည်း သိပ်မတွေ့ရတော့ပါဘူး။ အင်္ဂလန်နိုင်ငံကနေ ဂျွန်ဝက်စလီ ဆိုတဲ့ပုဂ္ဂိုလ်ကစခဲ့တာပေါ့ (၁၈၀၀ ဝန်းကျင်ကစတာဖြစ်တယ်)။ သိပ်မထွန်းကားဘူး ဒါပေမဲ့ရှိပါတယ်။ သူတို့ကတော့ ဂိုဏ်အုပ်ဂိုဏ်ချုပ်နဲ့ အတော် ကလေး အထက်အောက် အရာရှိတွေထားပြီးအသင်းတော်ကို ကိုင်တွယ်တယ်။

လူကိုအရမ်းအဓိကထားတဲ့အုပ်စုတွေပေါ့။ ဘုရားဆိုတာ လူကအရင်စလှုပ်မှ လိုက်လုပ်ပေးနိုင်တယ်။ သခင်ယေရှုက လက်ဝါးကပ်တိုင်မှာ သူလုပ်ပေးစရာရှိတာကိုလုပ်ပေးပြီးပြီ။ လူကဆက်လုပ်ရမယ်။ လူကမယုံကြည်ချင်ဘူးဆိုရင် ဘုရားက ဘာမှမတတ်နိုင်ဘူး ဆိုပြီး ကျမ်းစာနဲ့မညီစွာယုံကြည်ကြပါတယ်။

၃။ ခံယူယုံကြည်ချက်ရှိသောအသင်းတော်များ

ပထမအုပ်စုကတော့ ပရက်ဘီတေးရီးယာန်းအသင်းတော်များဖြစ်တယ်။ အင်္ဂလိပ်ခေတ်ကနေ စရောက်လာတယ်။ ပြီးတော့ အတော်လေးပြန်မှေးမှိန်သွားတယ်။ နောက် ၁၉၈၀ ကျော်ဝန်းကျင်ကနေ ပြန်ပြီးလူသိများလာတယ်။ အထူးသဖြင့် ချင်းလူမျိုးများကြားမှ များပါတယ်။ တခြားလူမျိုးများကြားမှလည်း ရှိပါတယ်။

ဒီအသင်းတော်တွေက ၁၆၀၀ ကျော်က အင်္ဂလန်မှာ အသင်းတော်များပြုလုပ်ခဲ့တဲ့ ဝဲစ်မင်စတာယုံကြည်ချက်များကို ဒီနေ့အထိ ဆက်လက်ခံယူကျင့်သုံးကြတာပေါ့။ မြန်မာပြည်မှာတော့ သိပ်ပြီးမထက်မြတ်ကြပေမဲ့၊ ကမ္ဘာမှာတော့ အထက်မြတ်ဆုံး လူသားတွေ၊ ပညာရှင်တွေ၊ တွေးခေါ်ရှင်တွေ အများဆုံးထုတ်လုပ်ပေးတဲ့ အသင်းတော်အုပ်စုဖြစ်တယ်။ ကျမ်းစာနဲ့လည်း အင်မတန်ကိုက်ညီတယ်။ အတွေးအခေါ်အင်မတန်မြင့်သောအသင်းတော်တွေဖြစ်တယ်။ ဗမာပြည်ကအသင်းတော်တွေ ကမ္ဘာကလိုဘဲ လူတော်တွေအမြောက်အများမွေးထုတ်နိုင်ပါစေလို့ ဆုတောင်းရပါတယ်။ ဒါဟာ အလွန်ကောင်းတဲ့အသင်းတော်စုဖြစ်တယ်။

ဒုတိယအုပ်စုကတော့ ကျွန်တော်တို့ ရီဖော့(မ်)အသင်းတော်များအုပ်စုဖြစ်တယ်။ အကောင်းတကာ့အကောင်းဆုံးပေါ့။ ဗမာပြည်ကို နောက်ဆုံးမှရောက်လာတယ်။ ဒါပေမဲ့ကမ္ဘာမှာတော့ ပထမဆုံးဖြစ်တယ်။ တမန်တော်များလက်ထက်ကစတယ်၊ ဩဂတ်စတင်ဆိုတဲ့ သီဩလောဂျီယန်ခေတ်(အေဒီ၅၀၀)ကနေ၊ ရိုမန်ကက်သလစ်တွေကြီးဆိုးလို့ပျောက်သလောက်ဖြစ်သွားတယ်။

ဒါပေမဲ့ အေဒီ ၁၅၀၀ ဝန်းကျင်ကနေပြန်ပေါ်လာတယ်။ တကမ္ဘာလုံးမှပြန်ပြန့်တယ်။ ကမ္ဘာအမြင့်ဆုံး ခရစ်ယာန်သီဩလော်ဂျီနဲ့ခရစ်ယာန်ရီဖော့မ်အတွေးအခေါ်များကို ထုတ်လုပ်ပေးတယ်။ အဆင့်မြင့်ခရစ်ယာန်အတွေးအခေါ်ဆိုရင် ဒီရီဖော့မ်အုပ်စုကနေဘဲထွက်တယ်။ ကက်သလစ်ကမထွက်ဘူး၊ နှစ်ခြင်းကနေလည်းမထွက်ဘူး။ ရီဖော့မ်ကနေဘဲထွက်တယ်။

ဒီအုပ်စုက ခံယူယုံကြည်ချက်သုံးမျိုးကို လက်ခံကြပါတယ်။ ဘဲလ်ဂျစ်ခံယူယုံကြည်ချက် (၁၅၃၀ ဝန်းကျင်)၊ ဒီနေ့ခေတ်ဘဲဂျီယန်နိုင်ငံလို့ခေါ်မယ့်နေရာမှာရေးဆွဲတယ်။ ပြီးတော့ ဟိုက်ဒဲလ်ဘာ့ဂ်အမေးအဖြေများခံယူယုံကြည်ချက် (၁၅၆၃ ဝန်းကျင်)မှာ ဒီနေ့ခေတ် ဂျာမနီနိုင်ငံလို့ခေါ်ရမယ့်နေရာမှာ ရေးဆွဲခဲ့တယ်။ ပြီးတော့ ဒေါ့စ်နွှန်းများ (၁၆၀၀ ဝန်းကျင်)မှာ ဒီနေ့ခေတ်နယ်သာလန်နိုင်ငံလို့ခေါ်ရမဲ့နေရာမှာ ရေးဆွဲခဲ့တယ်။ ပြီးတော့ ဒေါ့အသင်းတော်အုပ်ချုပ်မှုပုံစံစည်းမျဉ်းများကိုလည်းလက်ခံကြတယ်။ ဒေါ့စ်နွှန်းများနဲ့တချိန်ထဲမှာရေးဆွဲတာပေါ့။

ဒီတော့ ကျွန်တော်တို့ ရီဖော့မ်အသင်းတော်များကိုကြည့်ရတာရှင်းတယ်။ ဘာယုံကြည်သလဲဆိုရင် ခံယူယုံကြည်ချက်တွေကို ကြည့်ပါလို့ပြောယုံဘဲ။ ပြီးတော့ ရီဖော့မ်အသင်းတော်တွေက ဘုရားသခင်ဟာ လူကိုကယ်တင်တဲ့အခါမှာ ယုံကြည်နိုင်အောင် အစွမ်းသတ္တိကိုဘာပေးတယ်။ ဒါ့ကြောင့် ကယ်တင်ခြင်းဟာ လူကလှုပ်ရှားမှ ဘုရားကလှုပ်ရှားနိုင်တာမဟုတ်ဘူး။ လူက ဘုရားသခင်ရဲ့ ကယ်တင်ခြင်းကို ကျေးဇူးတော်ကြောင့်ရတာလို့ ယုံကြည်ကြတယ်။ ဒါကြောင့် လူကိုအဓိကမထား သုံးပါးတဆူဘုရားသခင်ကိုသာ အဓိကထားပြီးဘာမဆိုတွေးခေါ်သူများဖြစ်တယ်။

××××××××××××××××××××××××××××××××××××××

၂ကော ၁၀း၁–၁၈ (ဂျိန်းဘုရင်မူ)

၁ – သင်တို့ရှေ့၌နှိမ့်ချသူ၊ သို့သော် သင်တို့မရှိရာ၌ သင်တို့ဆီသို့ ရဲရင့်သောသူ ငါပေါလုကိုယ်တိုင်က သင်တို့ကို ခရစ်တော်၏ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ဖြင့် တိုက်တွန်းပါသည်။

၂ – ငါလာသောအခါ ငါသည် ငါမျှော်မှန်းသလောက် ရဲရင့်မည်မဟုတ်ဟု သင်တို့ကို တောင်းပန်ပါသည်၊ ငါတို့သည် ဤကမ္ဘာကြီး ၏စံနှုန်းများတိုင်း အသက်ရှင်ကြသည်ဟု ထင်နေကြသည့်အချို့သောသူတို့ထံသို့ဖြစ်သည်။

၃ – အဘယ့်ကြောင့်ဆိုသော် ငါတို့သည် အသွေးအသားဖြင့်အသက်ရှင်နေကြသော်လည်း၊ ငါတို့သည် အသွေးအသားဖြင့် စစ်တိုက်ကြသည်မဟုတ်ပါ၊

(၄ – ငါတို့တိုက်နေသောစစ်ပွဲ၌ သုံးသောလက်နက်များသည် အသွေးအသားနှင့်မဆိုင်ပါ၊ သို့သော် ဘုရားသခင်အားဖြင့် အားကြီးသောလက်နက်များဖြစ်ကြသည်၊ ခိုင်ခန့်သောခံတပ်ကြီးများကို ဖြိုချနိုင်သောလက်နက်များဖြစ်သည်၊)

၅ – အတွေးအခေါ်များကို ကျရှုံးစေသော၊ ထို့အပြင် ဘုရားသခင်၏အသိပညာကို ဆန့်ကျင်ကြလျှက် မိမိတို့ဘာသာ ချီးမြှောက်ကြသည့် မြင့်သောအရာအားလုံးကို ကျရှုံးစေသော၊ အတွေးရှိသမျှကို ခရစ်တော်အားနာခံခြင်းသို့ ခေါ်ဆောင်သောလက်နက်ဖြစ်သည်။

၆ – ထို့အပြင် သင်တို့၏နာခံခြင်းပြည့်စုံချိန်တွင် မနာခံခြင်းရှိသမျှကို လက်စားချေရန် အဆင်သင့်ရှိလျှက်နေပါသည်။

၇ – သင်တို့သည် အရာခပ်သိမ်းကို အပေါ်ယံမြင်ရသည့်အတိုင်းသာ ကြည့်နေကြပါသလော? အကယ်၍ တစုံတဦးက သူသည် ခရစ်တော်၏လူဖြစ်သည်ဟု စိတ်ချနေပါလျှင် ဤအချက်ကို သူသည် တခါပြန်စဉ်းစားကြည့်ပါစေ၊ သူသည် ခရစ်တော်၏လူဖြစ်သလို၊ ငါတို့သည်လည်း ခရစ်တော်၏လူများဖြစ်ကြသည်မဟုတ်လော?

၈ – ငါသည် ငါတို့၏ဩဇာအာဏာနှင့်ပတ်သက်၍ ပို၍ကြွားဝါလျှင်လည်း၊ ၎င်းကို သင်တို့၏ပျက်စီးခြင်းအတွက်မဟုတ်၊ သခင်ဘုရားသည် ငါတို့ကို သူတပါးအားမြှင့်တင်ပေးဖို့ရန်သာ ပေးထားခြင်းဖြစ်၍၊ ငါသည် မရှက်သင့်ပါ။
၉ – သင်တို့ကို စာများဖြင့် ကြောက်လန့်စေသလိုမျိုးလည်း မဖြစ်စေချင်ပါ။
၁၀ – အဘယ့်ကြောင့်ဆိုသော် သူ၏စာများသည် လေးနက်၍စွမ်းအားရှိကြသည်၊ သို့သော် သူ၏သွင်ပြင်လက္ခဏာမှာ အားနည်းလှသည်၊ သူ၏စကားပြောဟန်သည်လည်း အထင်သေးစရာကောင်းလှသည်ဟု သူတို့ကပြောတတ်ကြပါသည်။
၁၁ – ထိုသို့ပြောသူသည် ဤအချက်ကိုလည်းတွေးပါစေ၊ ငါတို့သည် မျက်မှောက်တွင်မရှိကြသည့်အခါ၊ စာများ၌ပါသော စကားများဖြင့် ထိုသို့ဖြစ်သလို၊ မျက်မှောက်ရှိကြသောအခါ၌လည်း ထိုသို့ပင်ဖြစ်ကြပါမည်။
၁၂ – ငါတို့သည် မိမိတို့ကိုယ်ကိုချီးကျူးကြသူများနှင့် တအုပ်စုတည်းဖြစ်မည်ကို မလိုချင်ကြပါ၊ (သို့) ထိုသူတို့နှင့်လည်း မိမိတို့ကိုယ်ကို မနှိုင်းယှဉ်ချင်ကြပါ၊ ထိုသို့သောသူတို့သည် မိမိတို့ကိုယ်ကို မိမိတို့သာ တိုင်းတာကြပါသည်၊ သူတို့ကိုယ်ကိုသူတို့ကြား၌သာ နှိုင်း ယှဉ်ကြပါသည်၊ ထိုသို့သောသူတို့သည် ပညာရှိများမဟုတ်ကြပါ။
၁၃ – သို့သော် ငါတို့သည် မိမိတို့၏တိုင်းတာမှုဖြင့် အပြင်ဖက်မှအကြောင်းအရာများအတွက် မကြွားကြပါ၊ ဘုရားသခင်က ငါတို့ထံပေးထားသော စည်းမျည်းဖြင့်သာ တိုင်းတာကြပါသည်၊ ထိုတိုင်းတာခြင်းသည် သင်တို့ထံသို့တိုင်အောင် ရောက်လာပါသည်။
၁၄ – အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သင်တို့ထံသို့မရောက်နိုင်သကဲ့သို့ မိမိတို့၏အကန့်အသတ်ထက်ကျော်လွန်၍ မိမိတို့ကိုယ်ကို မဆန့်ထုတ်ကြပါ၊ ငါတို့သည် သင်တို့ထံသို့လည်း ခရစ်တော်၏ဧဝံဂေလိတရားကိုဟောကြားလျှက် ရောက်အောင်လာကြခြင်းဖြစ်သည်။
၁၅ – ငါတို့၏အကန့်အသတ်ထက်ကျော်လွန်၍ အပြင်ဖက်အကြောင်းအရာများ၌ မကြွားဝါကြပါ၊ ဆိုလိုသည်မှာ၊ အခြားလူများ၏လုပ်ကိုင်ခြင်းများ၌ဖြစ်သည်၊ သို့သော် မျှော်လင့်ခြင်းရှိလျှက်၊ သင်တို့၏ယုံကြည်ခြင်းတိုးတက်လာသည်နှင့်အညီ ငါတို့၏နယ်သည် ငါတို့၏စည်းမျည်းအရ သင်တို့အားဖြင့် အလွန်ကျယ်ပြန့်လာမည်ဖြစ်သည်၊
၁၆ – သင်တို့နယ်ကိုလွန်လျှက် ဧဝံဂေလိဟောကြားရန်ဖြစ်သည်၊ အခြားသူလုပ်ကိုင်သောနယ်နိမိတ်လိုင်းကို ငါတို့အတွက်အဆင်သင့်ဖြစ်သလို မကြွားကြပါ။
၁၇ – သို့သော် ဝါကြွားသူသည် သခင်ဘုရားအားဖြင့်သာ ကြွားပါစေ။
၁၈ – အဘယ့်ကြောင့်ဆိုသော် မိမိကိုယ်ကို ချီးကျူးသည် အတည်ပြုခံရမည်မဟုတ်၊ သို့သော် သခင်ဘုရား၏ချီးကျူးခံရသူသာ အတည်ပြုခြင်းခံရပါမည်။

======================================

ဆုတောင်းခြင်း

သခင်ဘုရား၏နေ့ (၅၀)

၁၂၅။ စတုတ္ထအသနားခံတောင်းလျှောက်ခြင်းကားအဘယ်နည်း?

***“အသက်မွေးလောက်သောအစာကို အကျွန်ုပ်တို့အားယနေ့ပေးသနားတော်မူပါ”***ဖြစ်၏။ ဆိုလိုသည်မှာ ကိုယ်ခန္ဓာအတွက် မရှိမဖြစ်အရာအားလုံးကိုထောက်ပံ့ဖို့ရန် အလိုရှိတော်မူပါ။ ထိုသို့ဖြင့် ကိုယ်တော်သည် ကောင်းခြင်းအားလုံးတို့ ထွက်လာရာ၊ တခုတည်းသောစမ်းရေတွင်းဖြစ်သည်၊ ကျွန်ုပ်တို့၏ဂရုစိုက်မှု၊ ကြိုးစားအားထုတ်မှုကြောင့်မဟုတ်ပါဟု ကျွန်ုပ်တို့ကသိမှတ်ဝန်ခံကြပါ မည်။ ကိုယ်တော်ပေးသောလက်ဆောင်များသည်ပင်လျှင် ကိုယ်တော်၏ကောင်းချီးမပါရှိဘဲ၊ ကျွန်ုပ်တို့ကို အကျိုးမပေးနိုင်ပါ။ ထို့ ကြောင့် ကျွန်ုပ်တို့၏ကိုးစားခြင်းအားလုံးကို အားလုံးသောဖန်ဆင်းခံများမှ ရုတ်သိမ်း ကြလျှက် ကိုယ်တော်တပါးတည်းအပေါ်၌သာ ထားရှိကြပါမည်။ (မဿဲ ၆း၁၁၊ ဆာလံ ၁၄၅း၁၅၊ မဿဲ ၆း၂၅၊ တမန် ၁၇း၂၅၊ ၁၄း၁၇၊ ၁ကော ၁၅း၅၈၊ တရား ၈း၃၊ ဆာလံ ၁၂၇း၁–၂၊ ၆၂း၁၁၊ ၅၅း၂၂)

××××××××××××××××××××××××××××××××

ပညတ်တော်ဆယ်ပါး (ဂျိန်းဘုရင်မူ)

(၁) သင်၌ ငါ့ရှေ့တွင် အခြားသောဘုရားများ မရှိရ။

(၂) သင်သည် မိမိအဘို့ မည်သည့်ထွင်းထုသောရုပ်တုကိုမျှ မလုပ်ရ (သို့) ကောင်းကင်ပေါ်တွင်ရှိသောအရာ၊ (သို့) မြေကြီးပေါ်၌ရှိသောအရာ၊ (သို့) မြေကြီးအောက် ရေထဲ၌ရှိသောအရာတခုခုနှင့် တူသောအရာကို မလုပ်ရ၊ ထိုအရာတို့ရှေ့၌ သင် မိမိကိုယ်ကို ဦးမညွတ်ရ၊ သူတို့အမှုကို မထမ်းဆောင်ရ၊ အဘယ့်ကြောင့်ဆိုသော် သင်၏သခင် ငါ ဘုရားသခင်သည် အလွန်စိတ်အားထက်သန်သောဘုရားဖြစ်သည်၊ ငါကိုမုန်းသောသူတို့၏ မျိုးနွယ်ဆက် သုံးဆက်၊ လေးဆက်တိုင်အောင် ဖခင်တို့၏အပြစ်များကို သားသမီးတို့ပေါ်သို့ ရောက်စေသူဖြစ်သည်။ ထို့အပြင် ငါကိုချစ်သောသူ၊ ငါ့ပညတ်တို့အား စောင့်ထိန်းသူတို့၏မျိုးနွယ်ဆက် ထောင်ပေါင်းများစွာထိအောင် ဂရုဏာကို ပြသူဖြစ်သည်။

(၃) သင်သည် သင်၏သခင်ဘုရားသခင်၏အမည်ကို အချည်းနှီးမဲ့ အသုံးမပြုရ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏နာမည်အား အချည်းနှီးမဲ့အသုံးပြုသူကို အပြစ်မဲ့သူဟု ထင်မည်မဟုတ်။

(၄) အနားယူရာနေ့ကို သတိရပါ၊ ၎င်းကို သန့်ရှင်းစွာ စောင့်ရှောက်ပါ။ သင် ခြောက်ရက်လုံး ရုန်းကန်လှုပ်ရှားပါ၊ သင်၏အလုပ်အားလုံးကို လုပ်ပါ။ သို့သော် ခုနှစ်ရက်နေ့သည် သင်၏သခင် ဘုရားသခင်၏ အနားယူရာနေ့ဖြစ်သည်၊ ထိုနေ့တွင် သင် ဘာအ

လုပ်မှမလုပ်ရ၊ သင်၏သား၊ သင်၏သမီး၊ သင်၏ကျွန်ယောကျ်ား၊ သင်၏ကျွန်မ၊ သင်၏တိရိစ္ဆာန်များ၊ သင့် အိမ်ဝင်းထဲ၌ရှိနေသော ဧည့်သည် မည်သူမျှ အလုပ်မလုပ်ရ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ခြောက်ရက်အတွင်း ကောင်းကင်နှင့်မြေကြီး၊ ပင်လယ်နှင့် ပင်လယ်ထဲရှိသမျှတို့ကို ပြုလုပ်တော်မူသည်၊ ထို့နောက် ခုနှစ်ရက်နေ့တွင် နားတော်မူသည်၊ ထို့ကြောင့် ဘုရားသခင်သည် အနားယူရာနေ့ကို ကောင်းချီးပေးသည်၊ မြင့်မြတ်စေပါသည်။

(၅) သင်၏ဖခင်နှင့် သင်၏မိခင်ကို ရိုသေလေးစားပါ၊ ထိုသို့ဖြင့် သင်၏နေ့ရက်တို့သည် သင်၏သခင် ဘုရားသခင်က ပေးသော မြေတွင် ရှည်လျားမည်ဖြစ်သည်၊

(၆) သင်သည် သူများကို မသတ်ရ။

(၇) သင်သည် ကာမပိုင်ရှိသူနှင့် မပေါက်ပြန်ရ။

(၈) သင်သည် မခိုးရ၊

(၉) သင်သည် သင်၏အိမ်နီးချင်းကို ဆန့်ကျင်လျှက် မှားသောသက်သေမခံရ။

(၁၀) သင်သည် သင့်အိမ်နီးချင်း၏အိမ်ကို မတပ်မက်ရ၊ သင်သည် သင့်အိမ်နီးချင်း၏ဇနီးကို မတပ်မက်ရ၊ ထို့အပြင် သူ၏ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ သူ၏နွား၊ သူ၏မြည်း၊ သင့်အိမ်နီးချင်းပိုင်သောအရာတခုကိုမျှ မတပ်မက်ရ။